Highlights from Dvb Debate's Government and 1 year actions Show

April 1, 2017

"What did Government change in 1 year?"

"မကွေးတိုင်း အစိုးရအနေနဲ့ ပိုလျှံတဲ့ ၁၀ ဒဿမ ၂၇ ဘီလီယံကို အစိုးရကို ပြန်အပ်နိုင်ခဲ့တယ် မကွေးတိုင်းထဲမှာ လမ်းပန်းဆက်သွယ်ရေးတွေ ကျန်းမာရေးကဏ္ဍတွေ အရင်ထက် တိုးတက်အောင် လုပ်ခဲ့တယ်"

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ကြီး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

---

"ကယားပြည်နယ်မှာတော့ အရင်အစိုးရ လက်ထက်က ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေကိုပဲ ဆက်ပြီး စိစစ်ဆောင်ရွက်တဲ့ အနေအထားပဲ။ ဒီမိုကရက်တစ် ပီပီပြင်ပြင်နဲ့ ဖွဲ့စည်းပုံရဲ့ ပေးထားချက်အတိုင်းတောင်မှ လိုအပ်တဲ့ လွှတ်တော်ရေးရာကော်မတီတွေတောင်မှ ဖွဲ့စည်းနိုင်ခြင်းမရှိဘူး"

စိုင်းနိုင်နိုင်ထွေး - အတွင်းရေးမှူး၊ ကယားလူမျိုးစုဒီမိုကရေစီပါတီ

---

"ပြည်သူတွေအနေနဲ့က နေ့စဉ်ထမင်းစားရမယ့် အလုပ်ရဖို့က အရေးကြီးတယ်. စီးပွားရေးရှုထောင့်က ကြည့်ရင်တော့ အားရစရာ မရှိသေးဘူး။ ၁ နှစ်တာကာလ အစမ်းလုပ်ကိုင်ကာလက ကုန်သွားပြီ ဘယ်လိုဆက်သွားမယ်ဆိုတာ သုံးသပ်ရင် ကျန်တဲ့ ၄ နှစ်သက်တမ်းအတွက် ကောင်းသွားမယ်"

ဒေါက်တာ ခင်ဇော်ဝင်း - ဒါရိုက်တာ၊ တမ္ပဒီပအင်စတီကျူ့

---

"ကျနော် မဟေဖန်ခင်လေ ကျနော်တို့နိုင်ငံအနေအထားက ဒီမိုကရက်တစ်နိုင်ငံကြီးတွေရဲ့ စံအတိုင်း အခု ၁ နှစ်လေးနဲ့ ကြည့်ပြီး တိုင်းလို့မရဘူး။ ၂၀၀၈ အခြေခံဥပဒေရဲ့ ဆိုးကျိုးနောက်ဆက်တွဲကို အခု ခံနေရတာ။ တရားဥပဒေစိုးမိုးရေးကို လုပ်ဆောင်နေတဲ့ ဝန်ကြီးဌာနတွေဟာလည်း အစိုးရကိုင်တွယ်မှု အောက်မှာ မရှိဘူး။ ဖွဲ့စည်းပုံပြင်ရေးနည်းလမ်းကတော့ လက်ရှိအစိုးရအနေနဲ့ ရေရေရာရာ တိတိကျကျ မရှိဘူးလို့တော့ မြင်တယ်"

ဦးမြအေး - ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနဲ့ပွင့်လင်းလူ့အဖွဲ့အစည်း

---

"တိုင်းရင်းသားအရေး ကျွမ်းကျင်သူ နားလည်သူ အစိုးရတရပ်လို့ ကျနော်ကတော့ ဒီအစိုးရကို မမြင်သေးဘူး"

စိုင်းနိုင်နိုင်ထွေး - အတွင်းရေးမှူး၊ ကယားလူမျိုးစုဒီမိုကရေစီပါတီ

---

“ဒီမိုကရေစီဟာ အန်အယ်လ်ဒီထဲမှာလည်း ရှင်သန်ဖို့လိုနေပြီ။ လွှတ်တော်ထဲမှာ ပါတီလွှမ်းမိုးမှု. အထက်ကချုပ်ကိုင်မှု ရှိနေတယ်”

ဒေါက်တာ ခင်ဇော်ဝင်း - ဒါရိုက်တာ၊ တမ္ပဒီပအင်စတီကျု့

---

“ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ရဲရဲတင်းတင်း ဦးဆောင်မှုပေးပါ၊ ရဲရဲတင်းတင်းဦးဆောင်မှုနောက်ကို ပြည်သူကပါမယ်. ပရိသတ်ထဲကမေးတဲ့ ကချင်ဒေသစစ်ပွဲတွေအကြောင်း လွှတ်တော်မှာ ဘာလို့မကြားရလဲဆိုတာ ကျနော်လည်း မေးချင်နေတဲ့ မေးခွန်းပဲ၊ ဟန့်ရမယ်ဗျ ဝင်ဟန့်ရမယ်”

ဦးမြအေး - ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း

---

“ကျနော်တို့ မကွေးတိုင်းဒေသကြီးထဲက မြို့နယ် ၁၅ မြို့နယ်မှာ လုပ်နေတယ်။ ကျနော်တို့ ပြည်သူတွေအတွက်...ဝင်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခင်းအကျင်းပေါ်မှာ မှန်းပြီးတော့ skilled-labour တွေ အသေးစားအလတ်စားတွေမှာ ဝင်နိုင်မယ့်သူတွေဖြစ်လာအောင် စက်မှုသက်မွေးပညာသင်တန်းတွေ လုပ်သွားမယ်”

ဦးနေမျိုးကျော် - အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ကြီး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

---